# မျက်မှောက်ခေတ်
# ဗမာ ကဗျာ

**မောင်စိုးချိန်**

ဗမာပြည်ရှစ်လေးလုံး အရေးတော်ပုံ နှစ် ၂၀ ပြည့် အခမ်းအနားကို တောင်ကိုရီးယား ဌာနခွဲ **NLD** ပါတီက ဦးဆောင်ကျင်းပခဲ့သည်။ တောင်ကိုရီးယား ကဗျာဆရာ၊ စာရေးဆရာများ သမဂ္ဂနှင့် လူမှုအဖွဲ့ အစည်းများ ကိုရီယားဉပဒေ ရှင်များ၊ နိုင်ငံတကာမှ ပညာတော်သင်ကျောင်း သား များက ပူးပေါင်းပါဝင်ခဲ့ကြသည်။ စစ်အာ ဏာရှင်စနစ် ဖျက်သိမ်းရေး အရေးတော်ပုံ၏ လမ်းကြောင်း ပေါ်တွင် လက်တွဲချီတက်ခဲ့ကြ ခြင်းဖြစ်သည်။ တောင်ကိုရီးယားကဗျာဆရာ၊ စာရေးဆရာများသည် နောက်ထပ် အစီအစဉ် တရပ်ကို ပါထပ်မံတိုးချဲ့တင်ဆက်လာခဲ့ကြသည်။ တခြားတော့မဟုတ်။ တောင် ကိုရီးယား မြန်မာ အနုပညာ ညကို ၂၀၀၈ ဩဂုတ် ၈ ရက်ည ၆ နာရီတွင် ဆိုးလ်မြို့ရှိ ဟန်ရှင်အ ဆောက်အဦး ပထမထပ်ရှိ ယိဝမ်မုန်ဝမ် ခမ်းမဆောင်၌ ကျင်းပပေးခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယား အနုပညာရှင်များ၏ အဆို အက တင်ဆက်ခြင်းနှင့် အတူ တောင်ကိုရီးယားနှင့် ဗမာပြည် ကဗျာ ဆရာများ၏ ကဗျာရွတ်ဆိုပွဲ ဖြစ်သည်။

တောင်ကိုရီးယား ကဗျာဆရာ စာရေးဆရာသမဂ္ဂ၏ တောင်းဆိုချက်အရ ယနေ့ မျက်မှောက်ခေတ်ဗမာကဗျာနှင့် ပတ်သက်သည့် စာတမ်းငယ်တစ်စောင်ကို စာမျက်နှာ ၃ မျက်နှာမျှဖြင့် အကျဉ်းရုံးဖော်ပြပေးခဲ့ရသည်။ အနုပညာ ညအခမ်းအနားတွင် အမှတ်တရ စာစောင်တစောင်ကို ဖြန့်ဝေမည်ဖြစ်ရာ "ကိုရီးယား– မြန်မာအနု ပညာညချမ်း" စာစောင် တွင် အချိန်မှီဖော်ပြနိုင်ရန်အတွက် အဆောတလျင် ဤစာတမ်းငယ်ကို ရေးသားရခြင်းဖြစ်သည်။ ခြုံမိငုံမိရုံမျှသာဖြစ်သည်။ အခမ်းအနားအစီအစဉ်အရ စာတမ်းငယ်ကို ပြုစုရသူ ကျနော်ကိုယ်တိုင် ဖတ်ကြားတင်သွင်းခဲ့သည်၊ ကိုရီယား ပရိတ်သတ်အတွက် ကိုရီးယားဘာသာစကားဖြင့် ဘာသာပြန်ပေးသူမှာ ဘားမားသတင်းဂျာနယ် အယ်ဒီတာချုပ် ကိုဇော်မိုးအောင်ဖြစ်သည်။ ဖတ်ကြားခဲ့သည့် စာတန်းငယ် ကို မူလ အတိုင်း ပင်ဖော်ပြလိုက်ပါသည်။

ကျနော်တို့ တိုင်းပြည်တွင် နေဝင်း စစ်အုပ်စုက ၁၉၆၂ မတ်လမှာ အာဏာသိမ်းယူခဲ့သည်။ ထိုနှစ်မှစတင်ခဲ့သည့် စစ်အာဏာရှင်စနစ်သည် ယနေ့ ၂၀၀၈ အထိ ခိုင်မြဲနေဆဲဖြစ်သည်။ ယခုသန်းရွှေစစ်အုပ်စုသည် သူတို့၏ စစ်အာဏာရှင်စနစ်ဖြင့် စစ်အုပ်စုအာဏာရှင်သန်ရေး၊ ကြွယ်ဝချမ်းသာရေးအတွက် လူထုကို ဖိနှိပ်သွေးစုတ်မှု သတ်ဖြတ်ချေမှုန်းမှုတို့ကို အတောမသတ်လုပ်နေခဲ့ကြသည်။

ဤဖော်ပြခဲ့သည့် အပိုဒ်ကလေးသည် ကျနော်၏ ဗမာပြည်မိတ်ဆက်စကား ဖြစ်ပါသည်၊ တိုင်းပြည်တပြည် လူ့အဖွဲ့ အစည်းတရပ်သည် နိုင်ငံရေးတည်ငြိမ်မှုအပြင်၊ စီးပွါးရေးဖွံ့ဖြိုးတိုးတက်ပြီး ကုန်ထုတ်လုပ်နေကြသည့် လယ်သမား၊ အလုပ်သမားအများ စုကြီးသည် အလုပ်လုပ်သလောက်ခံစားနိုင်မှသာ အနုပညာ၊ စာပေ၊ ယဉ်ကျေးမှုသည် လည်း ဖွံ့ဖြိုးစည်ပင်လာမှာဖြစ်သည်၊ ကျနော်တို့ တိုင်းပြည်တွင် ဒီမိုကရေစီဆိတ်သုဉ်း နေသည်။ လူ့သိက္ခာ လူ့အခွင့်အရေး ရပိုင်ခွင့်တွေ ရိုက်ချိုးဖျက်ဆီးခြင်း ခံနေရသည်။ ကျနော်တို့ တိုင်းပြည်မှာရှိသည့် လူမျိုးအသီးသီးသည်လည်း ကိုယ်ကြမ္မာ ကိုယ်ဖန်တီး ခွင့်လုံးဝမရှိဖြစ်လာခဲ့သည်။

ထိုအခြေအနေမျိုးတွင် ဗမာစာပေသည် မည်သို့နည်း။ တိုင်းရင်းသားလူထုအသီးသီး၏ စာပေများကော ထိုသို့ရှိသနည်း။ ဗမာစာပေသည် စစ်အုပ်စု၏ စာပေစီစစ်ရေးဆင်ဆာအောက်တွင် ဖျက်ဆီးခြင်းခံနေရသည်။ ယင်းအချက်သည် ဘာကိုပြနေသလဲ ဆိုလျှင် လွတ်လပ်စွာရေးသားခွင့်၊လွတ်လပ်စွာ ထုတ်ဖေါ်ခွင့်၊ လွတ်လပ်စွာအနုပညာ ဖန်တီးခွင့် မရှိတော့ဘူးဆိုသည့်အချက်ကိုပြသနေခြင်းဖြစ်သည်။ တိုင်းရင်းသားတွေထဲက ဗမာလူမျိုးစု၏ ဗမာစာပေသည် ထိုကဲ့သို့ အဖျက်အဆီးခံနေရသည့် အခြေအနေမျိုးတွင် တိုင်းရင်းသားလူမျိုးစုအသီးသီး၏ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများသည်လည်း ဗမာစာပေကဲ့သို့ပင် အဖျက်အဆီးခံနေကြရသည်။ တိုင်းရင်းသား မွန်လူမျိုးတို့၏စာပေ၊ ကရင်အမျိုးသားစာပေ၊ ရှမ်း၊

ကချင်၊ ချင်း၊ ပလောင်၊ ပအို့၊ ရခိုင် စသည့်လူမျိုးအသီးသီး၏ စာပေသည်လည်း မဖွံ့ဖြိုး မစည်ပင်နိုင်တော့ပေ။ ကျနော်တို့ တိုင်းပြည်ထဲမှာရှိသည့် တိုင်းရင်းသားလူမျိုးစု အသီးသီး၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့သည် လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ခွင့် မရခဲ့ကြပါ။

ကိုရီးယား စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ စာပေသုတေသီများ နှင့် သမိုင်းပညာရှင်များသည် ဗမာပြည်၏စာပေယဉ်ကျေးမှု၊ အနုပညာအခြေအနေများကို လေ့လာသုံးသပ်ခဲ့ပြီးဖြစ်ကြပါလိမ့်မည်။ သုံးသတ်ဆန်းစစ်ကြည့်ကြဖို့လဲ မိတ်ဆွေတို့ကို ထပ်မံတိုက်တွန်းချင်ပါသည်။ သို့မှသာ ဗမာပြည်၏စာပေကို ဘယ်လဲ၊ ဘာလဲ ဆိုသည်ကို သိကြမှာဖြစ်သည်။ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြသည့် စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာများသည် ဒါဇင်နှင့်ချီပြီး စစ်အုပ်စု၏ အကျဉ်းထောင် ငရဲခန်းထဲတွင် ရှိနေခဲ့ပါပြီ။

ဒါတွေကို ဘာကြောင့် ပြောနေရသလဲဆိုတော့ ဗမာစာပေအကြောင်း၊ ဗမာကဗျာအကြောင်း ကွက်ပြီးပြောရုံဖြင့် မပြည့်စုံ၊ မလုံလောက်၍ဖြစ်ပါသည်။ ဗမာစာ၊ ဗမာကဗျာသည် ဗမာပြည်လူ့အဖွဲ့အစည်းနှင့် သီးခြားဖြစ်တည်နေသည့် စာပေယဉ်ကျေးမှုမဟုတ်ပါ။ ကိုရီးယားမိတ်ဆွေ စာရေးဆရာများခင်ဗျား ကျနော်တို့၏ နှစ်ပေါင်း လေးဆယ့်ခြောက်နှစ်အတွင်းမှာ ဖြစ်ပေါ်ခဲ့သည့် စာပေသည် စစ်အာဏာရှင်စနစ်နှင့် စစ်အုပ်စု ဖိနှိပ်မှုအောက်က စာပေသာဖြစ်သည်။

ဒီနေရာမှာ ထင်ရှားသိသာသည့် ဥပမာတွေကို တင်ပြချင်ပါသည်။ စစ်အုပ်စု စာပေစီစစ်ရေးဆင်ဆာအဖွဲ့၏ ဖိနှိပ် ဖြတ်တောက် ဖျက်ဆီးပြစ်မှုကြောင့် တေးသီချင်းရေးသည့်တေးရေးဆရာ၊ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာများ၏လက်ရာများသည် စာဖတ်ပရိသတ်ထံ၊ လူထုလက်ထဲ ရောက်မလာနိုင်တော့ပါဘူး။ လွန်ခဲ့သည့် ၁၉၇၈ ဒီဇင်ဘာလထုတ်၊ မိုးဝေစာပေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ကျနော့်ကဗျာကို စာပေစီစစ်ရေးက ဆွဲဆုတ်ခဲ့သည်။ မီးရှို့ပြစ်ခဲ့သည်။ ကဗျာထဲမှာ ၁၉၇၄ ကျောင်းသားလှုပ်ရှားမှုသမိုင်းကို သွယ်သွယ်ဝိုက်ဝိုက် ဖေါ်ကြူးသီဖွဲ့ထားလို့ပါပဲ။ ထိုကဲ့သို့ပင် ၁၉၇၈ ဇွန်လထုတ် အိမ်မက်ဖူး မဂ္ဂဇင်းမှာ ဖော်ပြခဲ့သည့် ကျနော့် ဝတ္ထုတိုကိုလည်း ပြည်ထဲရေးဌာန၊ စာပေစီစစ်ရေးကပဲ ဆွဲဆုတ်ပြစ်ခဲ့သည်။ ဝတ္ထုတိုက ဆင်းရဲသား မိသားစုတစု၏ လူမှုရေးဘဝနှင့် ဝေတ်မွတ်ဆင်းရဲမှုကို ဖော်ပြထားသောကြောင့် ဖြစ်သည်။ အကယ်၍ ကျနော်တို့ ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းဆရာ၊ ယဉ်ကျေးမှုလုပ်သားများသည် စစ်အုပ်စုက လိမ်ညာကောက်ကျစ်ပြီး ဝါဒဖြန့်ချီသည့်အတိုင်း တိုင်းပြည်သည် ငြိမ်းချမ်းသာယာလှပါသည်၊ ဖွံ့ဖြိုးတိုးတက်ပါသည်၊ လူထုတွေလည်း တိုးတက်ပါသည်ဆိုပြီး လိမ်ညာပြီးရေးမည်ဆိုလျှင် အုပ်စိုးသူစစ်အုပ်စုသည် ကျနော်တို့၏စာပေ လက်ရာများကို ထုတ်ဝေခွင့်ပေးမှာဖြစ်သည်။ကဗျာဆရာဆိုသည်မှာလူထုဘဝပေါ်တွင်သစ္စာရှိသူ လူထုဘဝတွင်တည်ရှိနေသည့်အမှန်တရားကိုဦးထိပ်ပန်ဆင်သူဖြစ်သည်။အမှန်တရားကိုသိမြင်ရင်းလူထုဘက်မှရပ်လူထုနှင့်အတူလွတ်လပ်မှုအတွက်တိုက်ပွဲဝင်သူသည် ကဗျာဆရာ၊ စာရေးဆရာ၊ အနုပညာရှင်များဖြစ်ကြသည်။

သို့ သော် ကျွန်တော်တို့ ကဗျာဆရာ၊ စာရေးဆရာ ပညာရှင်များထဲတွင် နှစ်မျိုးနှစ်စားကွဲ ပြားသွားသည်။တစ်မျိုးက စစ်အာဏာရှင်သွေးစုတ်ဖုတ်ကောင်၊ စစ်ရာဇဝတ်ကောင်များ၏လက်ကိုင်ဒုတ်များဖြစ်သည်။ နောက်တမျိုးမှာ ပြည်သူ့ ကဗျာဆရာ၊ စာရေးဆရာများဖြစ်သည်။ လူထုလွတ်မြောက်ရေး စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးလှုပ်ရှားမှုတွင်လူထုနှင့်အတူပါဝင်နေသည့် တော်လှန်သော အနုပညာရှင်ကဗျာဆရာများဖြစ်ကြသည်။ သူတို့ ကဗျာများသည်တိုက်ပွဲအတွက် လက်နက်များဖြစ်ပါသည်။ကျွန်တော်သည် ကဗျာချစ်သူဖြစ်ပါသည်။ကဗျာ၏အလှတရားကိုချစ်တတ် သူပါ။ခုံမင်သူပါ။ကျွန်တော်ယုံကြည်ပါသည်။မိတ်ဆွေတို့ လည်းကျွန်တော့် ကဲ့သို့ ပင် ကဗျာချစ်သူတွေပါ။သို့ သော် ဗမာက ကဗျာအပေါ်မှာဘယ်လိုအကဲဖြတ်ကြမလဲဆိုသည်ကိုကျွန်တော်မသိပါ။

ခေတ်ပေါ်ကဗျာဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ ပို၍ပင် ခေတ်ကိုထင် ဟပ်လာခဲ့သည်။ တောတောင်ရေမြေ သဘာဝနှင့်လူတို၏အချစ်၊အမုန်းတို့ ကိုဖွဲ့ ဆိုမှုမှ လမ်းခွဲထွက်လာတာ ကဗျာဆရာ၊ စာရေးဆရာတို့ ကြုံတွေ့ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး နယ်ချဲ့ ဆန့်ကျင်ရေး စစ်ပွဲနှင့် ပြည် တွင်းစစ်အတွေ့အကြုံများကို ထင်ဟပ်ဖွဲ့နွဲ့ခဲ့ကြသည်၊ ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွင်းမှ ပေါက်ဖွားလာကြသော ခေတ်နှစ်ခေတ်မှ လူငယ်များသည် မြေရှင်ပဒေသရာဇ်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး လက်တွေ့ရှိသူများဖြစ်ကြသည်။ သူတို့ သည် အလုပ်သမား၊ လယ်သမား၊ ပညာရှင်တို့ကိုယုံကြည် သူများဖြစ်ကြသည်။ ပြည်သူ့တော် လှန်ရေးကို ယုံကြည်သူများဖြစ်ကြသည်။ အမျိုးသားလွတ် လပ်ရေး၊ ဒီမိုကရေစီရရှိရေး၊ ညီညွတ် ရေး၊ ငြိမ်းချမ်းရေးတို့ ကို ယုံကြည်သူများဖြစ်ကြသည်။

နယ်ချဲ့ အင်္ဂလိပ်လက်အောက်ခံဘဝမှ လွတ်မြောက်စပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးကြေငြာပြီးတဲ့နှစ်လအကြာမှာ ပြည်တွင်းစစ်ကြီး စတင်ဖြစ်ပွားခဲ့သည်။လွတ်လပ်ရေးကြေငြာစဉ်က ဆိုရှယ်လစ်နိုင်ငံတော်တည်ဆောက်ရေး၊နောက်တော့ဒီမိုက ရေစီအင်အားစုများကို တစမကျန် ခြေမှုန်းရေးကိုသာ အဓိကလုပ်ကိုင်ခဲ့ကြသည်။ အုပ်စိုးသူများဘက်က ဒီမိုကရေစီကျယ်ဝန်းပြီး အအုပ်စိုးခံ ပြည်သူများကတဖက်၊ ဒီမိုကရေစီကျဉ်းလာသောအခါ ညီညွတ်ရေးသည်လည်း ပြိုကွဲလာတော့တာပါပဲ၊ အဲဒီ ညီညွတ်ရေးပြိုကွဲမှု နိုင်ငံရေးဟာ စာပေလောကနဲ့ စာရေးဆရာ၊ ကဗျာဆရာများထံ ရိုက်ခတ်လာခဲ့သည်။ အဲဒီခေတ်က  စာပေဟာ နိုင်ငံရေးရဲ့ကြေးမုံပဲဖြစ်သည်၊ အနုပညာသည် အနုပညာအတွက် ဟူသော အယူအဆနှင့် စာပေသည် ပြည်သူ့တော်လှန်ရေးတိုက်ပွဲများ ကိုထင်ဟပ်ရမည်ဟူသော စာပေသစ် အယူအဆတို့၏ တိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲသည် ၁၉၅၀ ဝန်းကျင်တွင် စတင်ခဲ့သည်၊ ပြည်တွင်းစစ်နှင့် နိုင်ငံရေးတိုက်ပွဲများ မှာ မြင့်မားသည်ထက် မြင့်မား လာသည့်ကာလဖြစ်သည်။

စာပေသစ် အယူအဆကို ကိုင်စွဲသော ကဗျာဆရာများမှာ အမျိုးသားခေါင်းဆောင် ကြီး သခင်ကိုယ်တော်မှိုင်း၏လမ်းကြောင်းဖြစ်သည့် ပြည်သူစာပေလမ်းကြောင်းအတိုင်း လူထုဘက်မှရပ်ကာ လိုက်ခဲ့ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးလွတ်မြောက်ရေး ငြိမ်းချမ်း ရေးနှင့်ဒီမို ကရေစီအတွက် လူထုကလှုပ်ရှားရုန်းကန်ကြရာ၌ လူထုနှင့်အတူ တိုက်ပွဲဝင်ခဲ့ကြခြင်း ဖြစ်သည်။

ထိုနည်းတူစွာ လူငယ်ကဗျာဆရာများသည် မျိုးဆက်ဟောင်း များဖြစ်တဲ့ ပြည်သူ့က ဗျာဆရာ၊ စာရေးဆရာများ လမ်းအတိုင်း ကမ္ဘာ့ငြိမ်းချမ်းရေး၊ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ကဗျာ ဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ ၁၉၅၀ နှင့် ၁၉၇၀ ဝန်းကျင်တွင်ဖြစ်ပေါ်လာသည့် အရှေ့တောင်အာရှ ကိုးရီးယားကျွန်းဆွယ်စစ်ပွဲများ၊ ဗီယက်နမ်စစ်ပွဲနှင့် ကမ္ဘာ့ဒေသအနှံ့အပြားရှိ ဒေသဆိုင်ရာစစ်ပွဲ များကို ဆန့်ကျင်ရင်း စစ်ဆန့်ကျင်ရေးကဗျာများကို ဖွဲ့နွဲ့ခဲ့ကြသည်။ခြုံငုံကြည့်သည့်အခါ ကဗျာဆရာ စာရေးဆရာများသည် ခေတ်အဆက်ဆက် တွင် နှစ်မျိုး နှစ်စားရှိသည်ကို တွေ့ရသည်။

ဗမာပြည်စစ်အာဏာရှင်စနစ်လွှမ်းမိုးသည့် ကာလတွင်လည်း ပြည်သူအကျိုးကိုပြုသော ကဗျာဆရာနှင့် အုပ်စိုးဖိနှိပ်သော လူတန်း စားကို အကျိုးပြုသော ကဗျာဆရာဟူ၍ နှစ်မျိုး နှစ်စား ရှိခဲ့ပြီးဖြစ်သည်။ စစ်အာဏာ ရှင်စနစ် ဖျက်သိမ်းရေး တော်လှန်ရေးတွင် ပြည်သူ့ဘက်တော်သား တိုးတက်သော ကဗျာ ဆရာတို့သည် တိုက်ပွဲဝင်လျှက်ရှိသည်။ ကဗျာဆရာတို့၏ သမိုင်း နှင့် စာပေသမိုင်းသည် ပြောင်မြောက်သော သမိုင်းအဖြစ် ရပ်တည် နေမှာဖြစ်သည်။

မောင်စိုးချိန်

၂၀၀၈ ခုနှစ် ဩဂုတ်လ ၈ ရက်။